# အမေရိကန်နိုင်ငံခြားရေးဝန်ကြီးရဲ့ခရီးစဉ်ဂယက်

အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဟီလာရီကလင်တန်က ဗမာပြည်အရေးကိစ္စကို ပြန်လည်သုံးသပ်ရမယ်လို့ပြောလိုက်တော့ ဗမာပြည်နိုင်ငံရေးလောကမှာ အတော်လေးလှုပ်ရှားသွားပါတယ်။ အထူးသဖြင့်ပြည်ပရောက်အတိုက်အခံတွေ အကြားမှာဖြစ်ပါတယ်။ ရေဒီယိုတွေ၊ ဘလော့ဂ်ဆိုက်တွေမှာ အထူးအလေးပေးပြောဆိုဆွေးနွေးကြတာ ကြားရဖတ်ရပါတယ်။

အမေရိကန်က သူ့ပေါ်လစီတွေပြန်သုံးသပ်မယ်ဆိုတာ ထိတ်လန့်စရာလား။ မဟုတ်ဘူးထင်ပါတယ်။

အမေရိကန်ဟာ အင်အားကြီးနိုင်ငံကြီးတခုအနေနဲ့ သူ့ပေါ်လစီ၊ သူ့ဝါဒတွေကို သူတို့အကျိုးစီးပွားနဲ့အညီ၊ ချမှတ်နေ၊ ပြောင်းလဲနေတာဟာ ဘာမှမဆန်းပါဘူး။ သူတို့ဒီလိုလုပ်တာနဲ့ စမ္ပာနဂိုရ်ကန္တားပေါင်ကျိုးတာ မဖြစ်သင့်ဘူးထင်ပါတယ်။ ဗမာပြည်ပြည်သူတွေရဲ့အရေးကို ပိုလို့၊ ပိုလို့များတဲ့နိုင်ငံတွေရဲ့ ထောက်ခံမှုရတာကောင်းပါတယ်။ ဒါပေမဲ့ဒါကိုပဲ အင်မတန်အချက်အခြာကျတဲ့၊ အရေးပါတဲ့အချက်ဖြစ်တယ်ဆိုတဲ့အထိ တွက်လိုက်ရင်တော့ မှားပါတော့မယ်။ ဗမာပြည်ပြည်သူတွေရဲ့အရေးဟာ တခြားတနိုင်ငံကကူညီတာနဲ့ အောင်ပွဲရမှာမဟုတ်သလို တခြားတနိုင်ငံကမကူညီတာနဲ့ ရှုံးနိမ့်သွားမှာလည်းမဟုတ်ပါဘူး။

ကျေးဇူးကန်းတာတော့မဟုတ်ပါ။ ဒါပေမဲ့ထောက်ပြရမှာက အမေရိကန်အခုလိုဗမာပြည်အရေးမှာဝင်ပါနေခဲ့လို့ ဒီအနှစ်၂၀ အတွင်း ဗမာပြည်ရဲ့ဒီမိုကရေစီအရေးတော်ပုံဟာ အောင်ပွဲနဲ့ဘယ်လောက်များနီးလာခဲ့ပါသလဲ။ နအဖရဲ့ပြည်သူတွေအပေါ်ဖိနှိပ်ရက်စက်မှုတွေကို ဘယ်လောက်များတားနိုင်ခဲ့ပါသလဲ။ အားနာစရာနဲ့ပြောရရင်တော့ မထိရောက်ခဲ့ဘူးလို့ပဲပြောရမှာပါ။ ဒါကိုအခု အမေရိကန်ကိုယ်တိုင်ကလည်းသိလို့ ပြန်စဉ်းစားမယ်ပြောနေတာဖြစ်ပါတယ်။ ဝါရှင်တန်ကသဘောထားပြောင်းတယ်ဆိုတဲ့အတွက်နဲ့တော့ နအဖအစိုးရရဲ့ အာဏာရှင်လက္ခဏာဟာ နည်းနည်းမှပြောင်းလဲမသွားဘူး ဆိုတဲ့အချက်ကိုမျက်ခြေမပြတ်ရေးက အဓိကကျပါတယ်။ (အမေရိကန်အစိုးရကလည်း နအဖရဲ့လက္ခဏာပြောင်းသွားတဲ့အတွက် သူတို့ရဲ့သဘောထားကို ပြန်သုံးသပ်ရတယ်လို့မပြောပါဘူး)။ ဒါကိုအထူးသတိထားသင့်ပါတယ်။ နို့မို့ရင်အမေရိကန်က သဘောထားပြောင်းတာနဲ့ပဲ ဗမာပြည်ရဲ့ဒီမိုကရေစီအရေးတော်ပုံကြီးဟာ လမ်းစဉ်သစ်၊ လုပ်ငန်းစဉ်သစ်တွေချမှတ်ရတော့မလိုလိုဖြစ်လာပါမယ်။ တကယ်ကျတော့ အိမ်ဖြူတော်ကလူများက ပိုပြီးလက်တွေ့ကျတဲ့ ပေါ်လစီတွေရှာသလို ဒီမိုကရေစီအရေးအတွက် တိုက်ပွဲဝင်နေသူတွေကလည်း ပိုပြီးလက်တွေ့ကျတဲ့ လုပ်ငန်းတွေဆီခြေစုံပစ် ဦးလှည့်သင့်ပါတယ်။ စိတ်ကူးယဉ်မှုတွေဖယ်ရှားပြီး ကိုယ့်ပြည်သူလူထုရဲ့လက်ကို မြဲမြဲတွဲကြရပါမယ်။ ရွှေငုံးမင်းအဖို့ အမြီးထွက်လာဖို့မျှော်နေဖို့မလိုတော့ဘူးဆိုရင် ကျန်တာ၊ လုပ်စရာရှိတာကို လုပ်နိုင်တာပေါ့။

အခုအခါ တချို့လူတွေစိုးရိမ်နေကြတဲ့နောက်ကိစ္စတခုက နအဖစစ်အစိုးရရဲ့၂၀၁၀ရွေးကောက်ပွဲဖြစ်ပါတယ်။ အဲဒီလူတွေဟာ ၂၀၀၈ဖွဲ့စည်းအုပ်ချုပ်ပုံ အတည်ဖြစ်သွားမှာကိုလည်း အလားတူပဲအစိုးရိမ်ကဲခဲ့ကြပါတယ်။ ဒါကြောင့်သူတို့က ဒါတွေကိုဖျက်ရေး၊ မပေါ်ပေါက်ရေးအတွက် အားသွန် ခွန်စိုက်လုပ်ရမယ်ဆိုတာမျိုးပြောနေကြပါတယ်။ ပြည်ပဖိအားနဲ့ရွေးကောက်ပွဲမကျင်းပဖြစ်အောင် လုပ်နိုင်မယ်ဆိုတာမျိုးတွေပြောကြပါတယ်။ စိတ်ထဲမှာရှိတဲ့အတိုင်းပြောရရင် ဗမာပြည်ရဲ့ကနေ့အနေအထားမှာ ဒီလိုကိစ္စတွေကို ပြည်ပဖိအားနဲ့ဖျက်သိမ်းလို့ရမယ်လို့ ယူဆစရာအကြောင်း တချက်မှမရှိပါဘူး။ ဒီလိုကိစ္စတွေဟာလက်ထဲမှာအာဏာရနေရင် လုပ်လို့ရတဲ့ဟာတွေမို့ ဒီလိုပြောတာဖြစ်ပါတယ်။ ဗမာပြည်သမိုင်းထဲက ရွေးကောက်ပွဲဆိုတာမှန်သမျှကို ပြန်စဉ်းစားကြည့်ပါ။ ၁၉၄၇ခုနှစ်က တိုင်းပြုပြည်ပြုလွှတ်တော်ရွေးကောက်ပွဲ၊ ၁၉၅၂၊ ၁၉၅၆၊ ၁၉၆၀၊ အဲဒီနောက် မဆလလက်ထက်ရွေးကောက်ပွဲတွေနဲ့ ၁၉၉၀ခုနှစ်ရွေးကောက်ပွဲ၊ (ကိုလိုနီလက်ထက်က ရွေးကောက်ပွဲအမျိုးမျိုးကို မပြောတော့ပါဘူး)၊ အားလုံးကိုပြန်ကြည့်လိုက်ရင် အဲဒီကာလမှာတိုင်း ပြည်ရဲ့အာဏာကိုရနေတဲ့ အစိုးရတွေက အကြောင်းအမျိုးမျိုးကြောင့် ရွေးကောက်ပွဲလုပ်ချင်စိတ်ရှိလို့ လုပ်ပေးပြီး ပေါ်ပေါက်ခဲ့တဲ့ရွေးကောက်ပွဲတွေချည်းဖြစ်ပါတယ်။ ဒါကို တနည်းပြန်ပြောရရင် ရွေးကောက်ပွဲဆိုတာ အာဏာရှိမှ လုပ်လို့ရပါတယ်။ ထပ်ပြီးတနည်းပြောရရင် အာဏာရှိနေရင် ရွေးကောက်ပွဲလုပ်လို့ရပါတယ်။

ဖွဲ့စည်းပုံအုပ်ချုပ်ပုံဆိုတာလည်း အတူတူပါပဲ။ အာဏာဟာသော့ချက်ဖြစ်ပါတယ်။ ဒါကိုမျက်စေ့လည်ရင် ကျန်တာတွေလည်း မှားကုန်တတ်ပါတယ်။

ဗမာပြည်က စစ်အစိုးရဟာ ကမ္ဘာ့သမိုင်းမှာ တိုင်းပြည်အာဏာကို ကာလအရှည်ကြာဆုံးအာဏာဆက်တိုက်ယူထားတဲ့ စစ်တပ်တွေထဲကတခုဖြစ်ပါတယ်။ ဒါကြောင့်တိုင်းပြည်ကိုအုပ်ချုပ်တဲ့နေရာ၊ အာဏာကိုကိုင်တဲ့နေရာမှာ ဘာတွေဟာ အရေးအကြီးဆုံးလဲဆိုတာကို သူတို့ကကောင်းကောင်းကြီးသဘောပေါက်ပါတယ်။ ဒီတိုင်းပြည်မှာသူတို့လောက် ဘယ်သူမှနားမလည်ဘူး လို့တောင်ပြောရင်ရမယ်ထင်ပါတယ်။ ဒါကြောင့်သူတို့ဟာ အဲဒီအနှစ်လေးဆယ်ကျော်အတွေ့အကြုံထဲကနေ သုံးသပ်နိဂုံးချုပ်ထားတာတွေကိုအခြေခံပြီး ဘယ်ဝန်ကြီးဌာနမျိုးတွေကိုတော့ တခြားလူတွေကိုပေးထားနိုင်တယ်ဆိုပြီး ဒီရွေးကောက်ပွဲကိုလုပ်တာပါ။ ဒီရွေးကောက်ပွဲမှာ ဘယ်သူပဲဘယ်လောက်နိုင်နိုင်၊ သူတို့စစ်အုပ်စုရဲ့အာဏာနဲ့စည်းစိမ်ကို နည်းနည်းမှအန္တရာယ်မပြုနိုင်ကြောင်း သေချာအောင်လုပ်ပြီးမှ ဒီရွေးကောက်ပွဲကို လုပ်ပေးတာဖြစ်ပါတယ်။ ဒီရွေးကောက်ပွဲမလုပ်နိုင်လို့ပျက်သွားလည်း နအဖအဖို့က အရင်းပဲဆိုတာကိုမေ့လို့မဖြစ်ပါ။ အာဏာဟာသူတို့ရဲ့လက်ထဲမှာပဲ ကျန်ရစ်မှာဖြစ်ပါတယ်။

ဒါပေမဲ့ အစိုးရတွေတရပ်ဟာ ဖွဲ့စည်းပုံတွေ၊ ရွေးကောက်ပွဲတွေလုပ်နိုင်တဲ့အတွက် အာဏာမြဲသွားပါလေရောလို့တော့ မပြော

နိုင်ပါဘူး။ အဲဒီလို အစိုးရတရပ်ရဲ့ ဖွဲ့စည်းမှုသဏ္ဍာန်ပိုင်းနဲ့ပြောရရင် ဖဆပလ၊ ပထစ၊ မဆလ၊ အဲဒီအစိုးရတွေအားလုံး ပြည့်စုံတယ်လို့ဆိုရပါမယ်။ ဒါပေမဲ့ အဲဒီအစိုးရတွေအားလုံးဟာ ပျောက်ကွယ်ချင်တော့လည်း တမုဟုတ်ချင်းပဲပျောက်ကွယ်သွားတာပဲမဟုတ်ပါလား။

ဒါကိုမမြင်ပဲ နအဖရဲ့ဖွဲ့စည်းပုံဥပဒေနဲ့ ရွေးကောက်ပွဲတို့ကိုပိုတွက်သူတွေဟာ "မဆန့်ကျင်နိုင်ရင်ဝင်ပူးမှ" (When you can't resist, join 'em) ဆိုတဲ့ဆောင်ပုဒ်ကိုကျင့်သုံးချင်လာကြပါတယ်။ အဲဒီအတွက်သဘောတရားတွေ ရှာကြံ ထူထောင်ကြပါတယ်။ တဆက်တည်းမှာ တခြားမြေခွေးတွေကိုလည်း အမြီးဖြတ်ခိုင်းကြပါတယ်။ ဒီလိုလုပ်တာကိုပြည်တွင်းရော၊ ပြည်ပမှာပါ အခုတလောတွေ့နေရပါတယ်။ တကယ်ကသူတို့ပြောနေတာတွေဟာ ကိုယ့်ဖက်ကအလျှော့ပေးရေးသာဖြစ်ပါတယ်။ ဒီလိုအတွေးအခေါ်ရှိသူတွေအဖို့တော့ အမေရိကန်အစိုးရကပေါ်လစီပြောင်းတယ်ဆိုရင် သူတို့ရဲ့အလျှော့ပေးရေးဝါဒအတွက် အကြောင်းပြစရာအချက်တချက်ရသွားမှာမုချပါပဲ။

သူတို့တော်တော်များများပြောလေ့ရှိတဲ့စကားတခွန်းက နအဖပေးသမျှဒီမိုကရေစီကိုယူထားပြီး နောက်မှတဖြည်းဖြည်းပုံသွင်းယူမယ်၊ ပြောင်းယူမယ်ဆိုတာပါပဲ။ ဒါဟာ လှောင်ချိုင့်တခုထဲမှာ လူသားစားကျားနဲ့အတူနေပြီး အဲဒီကျားကိုလိမ္မာအောင်ပုံသွင်းယူမယ်လို့ပြောတာနဲ့ တူမနေပေဘူးလား။ အဲဒီလိုအဆိုတင်နေသူတွေကို နောင်မှာဘယ်နပြာကြီးအောက်သွားမရှိဖြစ်မလဲ စောင့်ကြည့်ရတာပေ့ါလို့ပဲပြောလိုက်ဖို့ ကောင်းပါတယ်။

ပြန်ချုပ်ရရင် ဒီနေ့နိုင်ငံတကာအပြောင်းအလဲတွေက ဗမာပြည် ပြည်သူတွေရဲ့အရေးတော်ပုံကိုဆက်လက် သယ်ဆောင်ရေးအတွက် ပြည်တွင်းကပြည်သူလူထုကလွဲလို့ ဘယ်သူ့ကိုမှအားကိုးလို့မဖြစ်ဘူးဆိုတာကို ထပ်ပြီးထင်ထင်ရှားရှား သက်သေပြနေပါတယ်။ ပြည်တွင်းမှာ ထိထိရောက်ရောက် တခုခုဖြစ်ပါမှ အခြေခံကျတဲ့အပြောင်းအလဲမျိုး ဖြစ်မယ်ဆိုတာအမြဲသတိရနေသင့်ပါတယ်။ အထူးသဖြင့် ဧရာဝတီ မြစ်ရိုးတလျှောက်မှာဖြစ်ပါတယ်။

ရဲဘော်ဖိုးသံချောင်း